# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၄ ။)**

**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂ တွင် ပုဒ်မခွဲ (စ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(စ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရနယ်စပ်ရေးရာဝန်ကြီးဌာနကို ဆိုသည်။”

၃။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၇ ၏နောက်တွင် ပုဒ်မ ၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“၇-က။ လုပ်ငန်းကော်မတီက ဆုံးဖြတ်ခြင်းမပြုနိုင်သော ကိစ္စများ ပေါ်ပေါက်ပါက ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။”

၄။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၏ နောက်တွင် ပုဒ်မခွဲ(ဆ-၁)နှင့် ပုဒ်မခွဲ(ဆ-၂) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ဆ-၁) တိုင်းရင်းသားလူမျိုးများ၏ သဘောဆန္ဒနှင့်အညီ တိုင်းရင်းသားလူမျိုးရေးရာကိစ္စရပ်များကို အလေးထားဆောင်ရွက်ပေးခြင်း၊

(ဆ-၂) ဒေသဖွံ့ဖြိုးရေးကို ပြန်လည်တာဝန်ထမ်းဆောင်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးရန်အတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များအား အခြေခံနှင့် အဆင့်မြင့်ပညာရပ်များ သင်ကြားပေးရန် စီမံဆောင်ရွက်ခြင်း။”

---

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**